## “ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး”ကဏ္ဍ

# မြန်မာ့ချာတိတ်ရွှေလီတွင်စိတ်ကူးမျှော်မှန်းချက်ဖော်ဆောင်

မေလ ၁၀ ရက်နေ့တွင် ရွှေလီ ကျယ်ခေါင် ရင်ရှမ်မော်တော်ဆိုင်ကယ် တပ်ဆင်မှုစက်ရုံ၌ သစ်လွင်သောမော်တော်ဆိုင်ကယ်များကို အတန်းလိုက်စီတန်းထားပြီးထည်ဝါသိုက်မြိုက်လှသည်။ တပ်ဆင်ထုတ်လုပ်မှုလိုင်းတွင် တဝုန်းဝုန်း မြည်ဟိန်းလျက်ရှိသော စက်သံများမှာ စက်ရုံတစ်ခုလုံးကိုသက်ဝင် ရှင်သန်နေသဖွယ်ခံစားရသည်။ ယင်းအရှိန်အဟုန်ပြင်း၍ တက်ကြွစွာလှုပ်ရှားနေသည့်ထုတ်လုပ်မှုလိုင်းတွင် ချာတိတ်တစ်ယောက်သည် မော်တော်ဆိုင်ကယ် စက်ခေါင်းပေါ်သို့ ဝက်အူများကို အာရုံစိုက်၍ တပ်ဆင်ပေးလျက်ရှိသည်။

ယင်းချာတိတ်သည် မြန်မာနိုင်ငံ ဧရာဝတီတိုင်းမှရောက်ရှိလာသော စိုးလင်းဦး ဖြစ်သည်။ ယခုနှစ်တွင်အသက်(၁၉)နှစ်ရှိသည်။ ရင်ရှမ်မော်တော်ဆိုင်ကယ်စက်ရုံသို့ လာရောက်၍ အလုပ်လုပ်သည်မှာ (၁၅)ရက်သာရှိခဲ့သည်။ ဇာတိမြေဧရာဝတီတိုင်းတွင်အလုပ်အကိုင်ရရန် ခက်ခဲသော်လည်း တယ်ဟုန်ပြည်နယ်ခွဲတွင် အလုပ်လုပ်နေသော အစ်ကိုဖြစ်သူမှာမူ ယင်းဒေသတွင် ကောင်းကောင်း အလုပ်လုပ်နိုင်သည်ဟုယူဆထားသည်။ ဤသို့နှင့် သူများ၏မိတ်ဆက်ခြင်းအားဖြင့် စိုးလင်းဦးကလည်းရွှေလီမြို့သို့ ရောက်ရှိလာပြီး အလုပ်ဝင်လုပ်တော့သည်။ ရင်ရှမ်စက်ရုံတွင်အလုပ်လုပ်လျှင် တစ်လကိုတရုတ်ယွမ်ငွေ(၁၈၀၀)ခန့် ရရှိနိုင်ကြောင်း၊ စားစရိတ်၊ နေစရိတ်ကိုလည်း စက်ရုံဘက်က ကျခံပါကြောင်းစိုးလင်းဦးက ပြောသည်။ “ကျွန်တော့်လိုအလုပ်စလုပ်ကြတဲ့ ‘လူသစ်’များအတွက်ကျွန်တော်တို့ကို ပိုမိုကျွမ်းကျင်အောင်အလုပ်လုပ်စေဖို့ ကျွမ်းကျင်သူဆရာတို့က စက်ကိုင်တွယ်ရန် နည်းပညာများကို သင်ကြားပေးလေ့ရှိပါတယ်”။ ပြောရင်းဆိုရင်းငှင်းသည်သတင်းထောက်အား ဝက်အူတပ်ဆင်နည်းကို သရုပ်ပြပေးသည်။

စိုးလင်းဦးက မြန်မာ့လူငယ်များသည် အများအားဖြင့်ရန်ကုန်မြို့သို့သွားရောက်၍ အလုပ်ရှာလေ့ရှိကြောင်း၊ သို့သော်မိမိအနေဖြင့်တရုတ်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိနိုင်သည်ဟုယူဆထားကြောင်း၊ ဇာတိမြေနှင့်ကင်းဝေး၍ပတ်ဝန်းကျင်သစ်ကို ရောက်ရှိလာသော်လည်း မိမိအနေနှင့် လက်ရှိတွင် ယင်းနေရာ၌ အလိုက်အထိုက်နေ ထိုင်နိုင်ပြီဖြစ်ကြောင်း၊ ယင်းနေရာတွင်ဝင်ငွေကောင်းကောင်းရနိုင်သည့်အပြင် အလုပ်လုပ်ရန်ပတ်ဝန်းကျင်လည်း ကောင်းမွန်လှပါကြောင်း၊ ထို့ပြင်လက်မှုပညာတစ်ရပ်ကိုလည်း တတ်ကျွမ်းနိုင်သေးကြောင်း သတင်းထောက်အား ပြောသည်။

ယင်း(၁၉)နှစ်အရွယ်ရှိသော လူငယ်သည် အနာဂတ်အတွက် များစွာမျှော်မှန်းနေသည်။ “ကျွန်တော်ဟာဒီနေရာမှာ အလုပ်ကောင်းကောင်းလုပ်မယ်။ နောက်သုံးလေးနှစ်အတွင်းမှာ ဝင်ငွေပိုမိုရရှိပြီးမှမြန်မာနိုင်ငံသို့ ပြန်/မပြန်စဉ်းစားပါ့မယ်”။

4th CHINA-SOUTH ASIA EXPO
24th CHINA KUNMING IMPORT & EXPORT FAIR
第4届中国—南亚博览会
4th CHINA-SOUTH ASIA EXPOSITION
第24届中国昆明进出口商品交易会
24th CHINA KUNMING IMPORT & EXPORT FAIR
亲诚惠容 合作共赢
Amity, Sincerity, Mutual Benefit, Inclusiveness and Win-Win Cooperation
2016.6.12–17 地点：昆明滇池国际会展中心
Venue:Kunming Dianchi International Convention & Exhibition Center
